**(၈) မှဲ့ပြောက်စွန်းရောဂါ (Anthracnose of Tomato)**

**ရောဂါဖြစ်စေသက်ရှိ - *Colletotrichum coccodes (Wallr.) Hughes***

**ရောဂါလက္ခဏာ**

ရောဂါ ကျရောက်နေသော ခရမ်းချဉ်သီးများသည် စက်ဝိုင်းပုံ၊ ရေစိုနာဒါဏ်ရာကွက်များ ဖြစ်ပေါ် ပြီး ခရမ်းချဉ်သီးအခွံထဲတွင် အနည်းငယ် နစ်မြုပ်နေသည်။ ရောဂါကြီးထွားလာသည် နှင့်အမျှ၊ သေးငယ်သောအနက်ရောင် စကရိုးရှား (Sclerotia) များရောဂါကွက်များအတွင်း တွေ့ ရသည်။ အရွက်များ၊ အညှာများနှင့် ပင်စည်များပေါ်တွင်လည်း ရေစိုနာကွက်များဖြစ်ပေါ် ပြီး အညိုရင့်ရောင်မှ အနက်ရောင် သို့ ပြောင်းလဲသွားသည်။ ၎င်းရောဂါကွက်သည် စောပင်နာကျ ရောဂါနှင့်ဆင်တူသော်လည်း ဗဟိုတူ စက်ဝိုင်းရစ်များမပါဝင်ပေ။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရ အရွက်များအားခူးယူဖျက်ဆီးပစ်ပါ။
- စိုက်ခင်းသန့်ရှင်းရေးဆောင်ရွက်ပါ။ ပေါင်းမြက်များကိုရှင်းလင်းပါ။

- စိုက်ခင်းအတွင်းရေစီးရေလာကောင်းအောင်ဆောင်ရွက်ပါ။
- အပင်ပေါ်မှရေဖြန်းခြင်းကိုရှောင်ကြဉ်ပါ။
- အသီးတွင်ရောဂါ ကျရောက်မှုမရှိစေရေးအတွက်  အသီးစတင်ဖြစ်ပေါ်ချိန်တွင် Mancozeb (မန်ကိုဇက်)၊ Azoxystrobin (အဇိုဆီစထရိုဘင်), Chlorothalonil (ကလိုရိုသာလိုနေးလ်) နှင့် ကော့ပါးပါသောဆေးများကို အသုံးပြု ပက်ဖျန်းပါ။